# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၈-၅-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉ ဦး နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့ ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးနှင့် ပဉ္စမပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော် သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း-

(က) ငြိမ်းချမ်းရေးကော်မရှင်မှ ဦးခင်ဇော်ဦး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၃-၂၀၁၇ မှ ၄-၄-၂၀၁၇ ရက်နေ့အထိ နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃-၄-၂၀၁၇ မှ ၆-၄-၂၀၁၇ ရက်နေ့အထိ

လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သည့် **AIPA Communication Master Plan and Corporate Design** အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၄-၂၀၁၇ မှ ၂၇-၄-၂၀၁၇ ရက်နေ့အထိ ဘယ်လ်ဂျီယံနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၄-၄-၂၀၁၇ မှ ၂၈-၄-၂၀၁၇ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည့် လွှတ်တော် လေ့လာရေး ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၏ ၁-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ရက်နေ့အထိ အမေရိကန်နိုင်ငံ၌ **Federalism and U.S Governmental System** ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်သည့် **International Visitor Leadership Program** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၏ ၇-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ရက်နေ့အထိ အမေရိကန် နိုင်ငံ၌ ကျင်းပပြုလုပ်သည့် **GE ASEAN Governmental Leaders Program ( AGLP)** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၈-၅-၂၀၁၇ မှ ၁၀-၅-၂၀၁၇ ရက်နေ့အထိ ဖင်လန်နိုင်ငံ၌ ကျင်းပ ပြုလုပ်သည့် **Parliament's Role in Building Effective, Accountable and Inclusive Institutions for Sustainable Development** ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာဦးသန်းဝင်း ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၁–၅–၂၀၁၇ မှ ၁၃–၅–၂၀၁၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်လွင်(ခ) ဦးပေါခင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၆–၅–၂၀၁၇ မှ ၁၈–၅–၂၀၁၇ ရက်နေ့အထိ စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်၍ ဒေသတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ အလုပ်ရုံ ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ည) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးဝေဖြိုးအောင် ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၇–၅–၂၀၁၇ မှ ၂၁–၅–၂၀၁၇ ရက်နေ့အထိ ယူကရိန်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် **Global Legislative Opennes Conference** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **သဘာဝရေချို ငါးပုစွန်များ၊ ရေငန် ငါးပုစွန်များ လျော့နည်းကျဆင်းလာမှုအခြေအနေ၊ဖမ်းဆီးထုတ်လုပ်နိုင်မှု အခြေအနေ၊ ပြောင်းလဲလာမှုအနေအထားနှင့် ရေရှည်တိုးပွား ပေါက်ဖွား ရှင်သန်နိုင်ရေးတို့ကို သုတေသနပြု လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **သမဝါယမ တက္ကသိုလ် ဆရာ၊ ဆရာမများအား အခြားတက္ကသိုလ် ဆရာ၊ ဆရာမများ နည်းတူ ဥပဒေနှင့်အညီ ရာထူးတိုးစာမေးပွဲများ ဖြေဆိုခွင့်ပြုခြင်း၊ ရာထူးတိုးပေးခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ရေကာတာ(၂၃)မိုင်နှင့် မြစ်မခ အရှေ့ဘက်ကမ်းရေကာတာများကို တာပုံစံကျ ဆက်သွယ်ရေးလမ်းလည်းဖြစ်၊ ရေကာတာလည်း ဖြစ်စေမည့် အကြီးစားတည်ဆောက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်မြို့နယ်၊ ပုဏ္ဏားကျေးရွာနှင့် တွင်းလည်ကျေးရွာသို့ သွားသော (၇)မိုင်ခန့်ရှိသည့် လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ဆားလင်းကြီးမြို့နယ် အတွင်း ကျောက်မျက်ကျေးရွာရှိ ရပ်နားထားသော ချင်းတွင်းလျှပ်စစ် မြစ်ရေတင် စီမံကိန်းကို ရပ်သိမ်း၍ မူလအတိုင်း စိုက်ပျိုးမြေများ အဖြစ် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ တောင်သူများသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက **"တာတမံ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၀။ **"တာတမံ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် **"တာတမံဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။